## ရင်းနှီးမြှုပ်နှံမှုကြီးကြပ်သည့်စနစ်အပိုင်း (၂)တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအချက်အလက်များ ပြန်လည်ဖြည့်သွင်းခြင်းအတွက် စမ်းသပ်ကာလသတ်မှတ်ခြင်းနှင့် နိုင်ငံခြားသားခန့်ထားခွင့် တင်ပြလျှောက်ထားခြင်းအတွက် အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေအရ ခွင့်ပြုမိန့်ရရှိပြီးနောက်ပိုင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံသူက အွန်လိုင်းမှတစ်ဆင့် လျှောက်ထားဆောင်ရွက်နိုင်ရန်၊ ဌာန တာဝန်ရှိသူက စိစစ်ပြီး အွန်လိုင်းမှ လိုအပ်ချက်များကို ပြန်ကြားနိုင်ရန်၊ ခွင့်ပြုနိုင်ရန်၊ ထောက်ခံချက် ပေးနိုင်ရန်နှင့် မှတ်တမ်းပြုလုပ်နိုင်ရန် ရည်ရွယ်၍ ရင်းနှီးမြှုပ်နှံမှုကြီးကြပ်သည့်စနစ်၊ အပိုင်း (၂) ကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်ခွင့်ပြုမိန့်၊ အတည်ပြုမိန့် ရရှိထားပြီးဖြစ်သော ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှု ကြီးကြပ်သည့်စနစ် အပိုင်း (၂) တွင် လျှောက်ထားလွှာများ တင်ပြမည်ဆိုပါက ခွင့်ပြုမိန့်ရရှိချိန်မှစ၍ ယနေ့အချိန်အထိ ဆောင်ရွက်ခဲ့သည့် ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များကို စနစ်တွင် ပြန်လည်ဖြည့်သွင်းခြင်းကို ဦးစွာဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ပြီးစီးမှသာ လျှောက်ထားလွှာများ တင်ပြဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုခဲ့သည့် အဆိုပြုချက်ပါ နိုင်ငံခြားသား ကျွမ်းကျင်သူ ခန့်ထားခွင့်တင်ပြခြင်း၊ ဝန်ထမ်းအင်အားစာရင်း တိုးမြှင့်ခွင့်တင်ပြခြင်းနှင့် ကော်မရှင်က ခန့်ထားခွင့်ပြုထားသည့် နိုင်ငံခြားသားကျွမ်းကျင်သူ နုတ်ထွက်သွားခြင်းများအား ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ http://103.89.50.35 တွင် တင်ပြလျှောက်ထားခြင်း သို့မဟုတ် စာမူရင်း (Hard Copy) ဖြင့် စမ်းသပ်ကာလအတွင်း တင်ပြလျှောက်ထားနိုင်ပါကြောင်း အသိပေး ကြေညာခဲ့ပြီးဖြစ်ပါသည်။

၄။ **သို့ဖြစ်ပါ၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအချက်အလက်များ ပြန်လည်ဖြည့်သွင်းခြင်းအတွက် စမ်းသပ် ကာလနောက်ဆုံးရက်ကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ သတ်မှတ်ကြောင်းနှင့် စမ်းသပ်ကာလ ကျော်လွန်ပါက စာပိုဒ် (၃) ပါ အကြောင်းအရာများ တင်ပြခြင်းကို Online System ဖြင့်သာ လက်ခံ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။**

၅။ Online စနစ်တွင် ပြန်လည်မှတ်ပုံတင်ခြင်းနှင့် လျှောက်ထားလွှာတင်ပြမှုများနှင့်စပ်လျဉ်း၍ ကြုံတွေ့ရသည့်အခက်အခဲများကို စုံစမ်းမေးမြန်းလိုပါက ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲသို့ လူကိုယ်တိုင်ဖြစ်စေ၊ ၀၁-၆၅၇၈၉၂၊ ၀၁-၆၅၇၈၉၃နှင့် imsworkpermit.team@gmail.com သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**